“ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး”

# ယူနန်ရွှေမျောက်များနှင့်အတူ မျက်နှာချင်းဆိုင်ထိုင်၍ငေးမော

ယူနန်ပြည်နယ် အနောက်မြောက်ပိုင်းဝေစီခရိုင်မျှော်စင်မြို့နယ်၏ ရှမ်ဂူချင်းဒေသ ယူနန်ရွှေမျောက်အမျိုးသားဥယျာဉ်တွင် နေ့စဉ်နံနက်(၆)နာရီခွဲအချိန်မှစ၍ စည်ကားသိုက်မြိုက်လျက်ရှိနေပါသည်။ မျောက်ထိန်းသိမ်းရေးသမားရှိဝင်ကွမ်းကဝစီမှုတ်ကာ တောအတွင်းမှယူနန်ရွှေမျောက်ကို နိုးထစေရင်းထင်းရှူးစေ့များကိုကြဲပေးသည်။ ယူနန်ရွှေမျောက်(၁၀)ကောင်ကျော်သည် အော်ကြွေးကာ သစ်ပင်များအကြားမှခုန်ချပြီး သူတို့အကြိုက်နှစ်သက်ဆုံးဖြစ်သောအစားအစာဆီသို့ ပြေးလွှားလာကြပါတော့သည်။

ရှမ်ဂူချင်းတွင် ရှိဝင်ကွမ်းကဲ့သို့သော လီဆူးတိုင်းရင်းသားမျောက်များကာကွယ်ထိန်းသိမ်းသူသည် (၂၈)ဦးရှိပါသည်။ သူတို့အားလုံးသည် တောင်အောက်တွင်ရှိသော လီဆူးတိုင်းရင်းသားရွာ(၃)ရွာမှ ရွာသူရွာသားများဖြစ်ကြသည်။ (၃)နှစ်တာအချိန်ကာလအတွင်းတွင် နိုင်ငံတော်အဆင့်(၁)ယူနန် ရွှေမျောက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးအတွက် ပိုင်မာနှင်းတောင်နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုဇုန်၏ ထောက်ပံ့မှုအောက်မှာ ရှမ်ဂူချင်းတွင် ဒေသခံလီဆူးတိုင်းရင်းသားပြည်သူလူထုမှ မိမိသဘောဖြင့်သင်းဖွဲ့ထားသော မျောက်ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းလိုက်ပြီး အဖိုးတန်သော ယူနန်ရွှေမျောက်များကို ကျွေးမွေးစောက်ရှောက်မှုများပြုလုပ်နေကြပါသည်။

တရုတ်နိုင်ငံ၏ အဖိုးတန်ရှားပါးသတ္တဝါဖြစ်သော ယူနန်ရွှေမျောက်များသည် ယခုလက်ရှိတွင်စီချွမ်၊ ယူနန်၊ တိဗက် ပြည်နယ်သုံးခုဆုံသည့်နေရာ၊ ဟိမဝန္တာတောင် တောင်ပိုင်းကန့်လန့်ဖြတ်ကျောက်ကမ်းပါး၏ ယူနန်တောင်တန်းများအကြားတွင် နေထိုင်လျက်ရှိသည်။ ယူနန်ပြည်နယ် အနောက်မြောက်ပိုင်း တီချင်တိဗက်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ တယ်ချင်ခရိုင်နှင့် ဝေစီခရိုင်နယ်မြေအတွင်းတွင်ရှိသော ပိုင်မာနှင်းတောင် နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုဇုန်သည် တရုတ်နိုင်ငံတွင် မျက်နှာပြင်အကျယ်ဆုံးသော ယူနန်ရွှေမျောက်နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဇုန်ဖြစ်ပါသည်။ လတ်တလောနှစ်ပိုင်းအတွင်းတွင်သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စွာလုပ်ဆောင်လာသည့်အတွက်ကြောင့် ကာကွယ်ထိန်းသိမ်းမှုဇုန်အတွင်းတွင်ရှိ ယူနန်ရွှေမျောက်အရေအတွက်သည် အဆက်မပြတ် တိုးပွားလျက်ရှိနေပါသည်။ လူအများသည် ရှမ်ဂရီလာနှင်းတောင်တောင်ထိပ်များတွင် လှပသောနှုတ်ခမ်းနီရှိသည့် လူမျက်နှာနှင့်အသွင်တူသော “တောင်ပေါ်ချစ်စရာ” များကို မြင်တွေ့နိုင်မည်ဖြစ်ပါသည်။

ကာကွယ်ထိန်းသိမ်းမှုဇုန်အုပ်ချုပ်ရေးဌာနမှူး ရှယ်ဟုန်ဖန်၏ မိတ်ဆက်ခြင်းအရ ကာကွယ်ထိန်းသိမ်းရေးဇုန်တည်ဆောက်ပြီးကတည်းက နိုင်ငံတော်အလေးပေးခြင်းနှင့် ထိန်းသိမ်းမှုလုပ်ငန်းများပါဝင်ဆောင်ရွက်ခြင်းကြောင့် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများသည်များစွာကောင်းမွန်လာပါသည်။ ခိုးပြီးအမဲလိုက်ခြင်းအခြေအနေမျိုး လုံးဝပပျောက်သွားပြီဖြစ်သည်။ ထို့အတူ ကာကွယ်ထိန်းသိမ်းရေးဇုန်တွင် အဆင့်ဆင့်သောကာကွယ်ထိန်းသိမ်းမှုဂိတ်များစွာလည်း တည်ဆောက်ထားသည်။ အဆိုပါကာကွယ်ထိန်းသိမ်းရေးဇုန်များသည် တောတောင်အနက်ကြီးထဲတွင် နေရာတကာမြင်တွေ့နိုင်ပါသည်။

နှစ်ပေါင်းများစွာကြိုးပမ်းမှုကြောင့် ယူနန်ရွှေမျောက်များသည် လူများနှင့်ပိုမိုရင်းနှီးလာကြသည်။ ယခင်အချိန်တုန်းက ယူနန်ရွှေမျောက်များသည် လူကိုမြင်တွေ့သည်နှင့် ထွက်ပြေးခဲ့ကြပါသည်။ ယခုအချိန်တွင် လူကိုတွေ့သော်လည်းငြိမ်ငြိမ်ထိုင်ပြီး မျက်နှာချင်းဆိုင်ကြည့်နိုင်ပြီဖြစ်သည်။ ဟောရှင်မင်သည် ကာကွယ်ထိန်းသိမ်းရေးဇုန် ဝေစီအုပ်ချုပ်မှုဌာနခွဲမှ ဝန်ထမ်းဖြစ်သည်။ သူက ရယ်မောပြီးထိုကဲ့သို့ပြောပြသည်။ “လွန်ခဲ့သော(၅)နှစ်အချိန်တုန်းက ယူနန်ရွှေမျောက်၏အနီးကပ်ဓာတ်ပုံတစ်ပုံကိုရိုက်လို့လုံးဝမဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့တတွေသည် လူများကိုအလွန်ထိတ်လန့်တတ်သည်။ လူတွေ့သည်နှင့် ထွက်ပြေးတော့သည်။” ယခုအချိန်တွင် ယူနန်ရွှေမျောက်များသည် လူများသွားလာမှုများသော နေရာအနီးနားသို့လာပြီး အစာရှာထွက်တတ်သည်။ ကာကွယ်ထိန်းသိမ်းမှု ဝန်ထမ်းများနှင့် “အနီးကပ်” ထိတွေ့ခွင့်ကို ရရှိပါသည်။





သတင်းထောက် လျှိုကျာ

“ခရီးသွား”

# နယ်စပ်ခရီးသွားလုပ်ငန်းများ ရေပန်းစားလာသည်

နေ့လည်ခင်းနေရောင်ခြည်သည် မြေပြင်ပေါ်သို့ နွေးထွေးစွာကျရောက်နေသည်။ မိုင်းကျင်လိုင်ကျေးရွာအတွင်း အပြင်တွင်လူအများဖြင့် စည်ကားလှပေသည်။ ယုကွမ်ခန်တို့တစ်အိမ်လုံးသည် စိတ်လှုပ်ရှားစွာ အလုပ်များနေကြပါသည်။ ခံတွင်းကိုဆွဲဆောင်သော သင်းပျံ့ဟင်းရနံ့များသည် မီးဖိုဆောင်မှ ပျံ့လွင့်ထွက်လာသည်။ ဘိုကင်ယူထားသော ခရီးသည်(၁၂၀)ဦးသည် သူမတို့အိမ်သို့ တိုင်(ရှမ်း)တိုင်းရင်းသားဟင်းလျာအရသာကိုလာရောက်ခံစားကြမည်ဖြစ်သည်။



တရုတ်မြန်မာနယ်စပ်တွင်တည်ရှိသော မိုင်းဟိုင်ခရိုင်တာလော့မြို့မိုင်းကျင်လိုင်ကျေးရွာသည် တိုင်တိုင်းရင်းသားရိုးရာစံပြကျေးရွာဖြစ်သည်။ မြန်မာနိုင်ငံနှင့်ချောင်းတစ်ခုသာခြားပြီး လှမ်းမြင်နေရသည်။ နယ်နိမိတ်လိုင်းနှင့်အနီးဆုံးဖြစ်သောကြောင့် “တရုတ်မြန်မာပထမကျေးရွာ” ဟုလည်းခေါ်ဝေါ်ကြသည်။

တံခါးဖွင့်ဝါဒပေါ်လစီကျင့်သုံးလာပြီးနောက် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တော်များသည် တာလော့သို့ လာရောက်ပြီး နယ်စပ်ရိုးရာဓလေ့များကို လာရောက်ခံစားရန် လူအများအပြားရောက်ရှိလာကြသည်။ နယ်စပ်တွင်ရှိပြီး ဝေးလံခေါင်းပါးသော ကျေးရွာမှရွာသူရွာသားများ လူနေမှုဘဝကောင်းမွန်လာစေရန်အတွက် ဒေသခံပါတီကော်မတီ၊ အစိုးရတို့သည် ဒေသနှင့်ကိုက်ညီသော လုပ်ဆောင်မှုများကိုဆောင်ရွက်ပေးနေပါသည်။ နယ်စပ်အပန်းဖြေအနားယူခရီးသွားစီမံကိန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြသည်။ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ယူခြင်းမှ တစ်ဆင့်ယူနန်ရွှေဒေါင်းခရီးသွားအဖွဲ့ကို ဖိတ်ခေါ်နိုင်ခဲ့ပြီး “ကျေးရွာ+လုပ်ငန်းရှင်+တောင်သူလယ်သမား” ဖက်စပ်အကျိုးတူပူးပေါင်းဆောင်ရွက်မှုစနစ်ကို ကျင့်သုံးပြီး လုပ်ငန်းရှင်များ၏ နေ့စဉ်အုပ်ချုပ်မှုအောက်သို့ ရွာသူရွာသားများပါဝင်လာအောင်တိုက်တွန်းပြီး အကျိုးအမြတ်များ အတူတကွခံစားလာနိုင်အောင်လုပ်ဆောင်ပေးနေပါသည်။

ယခုလက်ရှိတွင် မိုင်းကျင်လိုင်ကျေးရွာမှရွာသူရွာသားများသည် နှစ်စဉ်နှစ်တိုင်း တရုတ်ယွမ်ငွေသိန်း(၂၀)တန်ဖိုးရှိသော ဝင်ကြေးနှင့်မြေငှားရမ်းခများကို ရရှိနေပြီဖြစ်သည်။ အိမ်ထောင်စုတိုင်းတွင် အနည်းဆုံးလူတစ်ဦးကရှုခင်းသာအုပ်ချုပ်ရေးကုမ္ပဏီတွင် အလုပ်ဝင်နိုင်သည်။ လူတစ်ဦးချင်း၏တစ်နှစ်စာလုပ်အားခသည် (၄.၅၇)သောင်းနှင့်အထက်ရှိသည်။ ရှုခင်းသာထဲတွင် ဆိုင်ခန်းများနှင့်ဈေးများကိုတည်ဆောက်ပေးထားပြီး ရွာသူရွာသားများအတွက် ဆိုင်ခန်းနေရာများကို ထောက်ပံ့ပေးသည်။ ရွာသူရွာသားများသည် မိမိနေအိမ်တွင် စိုက်ပျိုးရေထွက်ကုန်များနှင့် အထူးကုန်စည်များကိုရောင်းချနိုင်သည်။ ထို့အပြင် ရှုခင်းသာထဲတွင် တိုင်းရင်းသားရိုးရာစားသောက်ဆိုင်(၁၀)ဆိုင်ကျော်ရှိသည်။ အဆိုပါဆိုင်အားလုံးကို ရွာသူရွာသားများက ကိုယ်တိုင်အုပ်ချုပ်စီမံခန့်ခွဲသည်။ ရှုခင်းသာမှနည်းစနစ်ကျသော အုပ်ချုပ်မှုနှင့် ညွှန်ကြားမှုများကို ပံ့ပိုးလုပ်ဆောင်ပေးသည်။

ယခုအချိန်မိုင်းကျင်လိုင်တွင် မိုးမျှော်သစ်ပင်အိုများစွာရှိသည်။ ပန်းမန်များစွာဖူးပွင့်လျက်ရှိသည်။ မျက်စိအစာဖြစ်စေသော အစိမ်းရောင်ရှုခင်းများသည်လည်း စနစ်တကျရှိနေပါသည်။ တိုင်တိုင်းရင်းသားယဉ်ကျေးမှုဆန်းပြားမှုကိုပေါ်လွင်စေရန်အတွက် ကုမ္ပဏီသည် ကျေးရွာအလည်လမ်းတလျှောက်တွင် ရွာသားအိမ်ယာအိမ်အောက်ထပ်အားလပ်နေရာများကိုငှားရမ်းပြီး အိမ်ယာဆောက်လုပ်မှု၊ စင်မြင့်များစသည့် အခြေခံအဆောက်အဦးများကို ပြီးစီးအောင် ဆောက်လုပ်ထားပြီး တိုင်(ရှမ်း)တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများ ပိုင်နိုင်သိကျွမ်းသူများကိုဖိတ်ခေါ်၍ ပိတ်အရောင်ဆိုးခြင်း၊ သကြားကြိတ်ခြင်း၊ ဝါးယက်ခြင်း၊ ပန်းပဲထုခြင်း၊ အရက်နှပ်ခြင်း၊ ဗျောက်ဖောက်ခြင်း၊ စက္ကူပြုလုပ်ခြင်း၊ ဒုတိယမျိုးဆက်တိုင်အိမ်ယာပြသခြင်း၊ ပိတ်ချည်ထိုးများယက်ခြင်း၊ ချည်ယက်လုပ်ခြင်း၊ ကြွေထည်ပြုလုပ်ခြင်းစသည့် တိုင်တိုင်းရင်းသားရိုးရာလက်မှုပညာ(၁၀)မျိုးကျော်ပြုလုပ်ပုံ၊ ပစ္စည်းများခင်းကျင်းပြသခြင်းနှင့် ရောင်းချခြင်းများပြုလုပ်စေသည်။ ရောင်းရသော ဝင်ငွေအားလုံးကို ရွာသူရွာသားများသာပိုင်ဆိုင်သည်။ ယခုတွင် မိုင်းကျင်လိုင်ယမန်နှစ်ကလက်ခံခဲ့သော ခရီးသွားဧည့်သည်တော်ဦးရေသည် (၅.၂)သိန်းကျော်ရှိသွားပြီဖြစ်သည်။ ရွာသူရွာသားတစ်ဦး၏ တစ်နှစ်တာဝင်ငွေသည် တရုတ်ယွမ်ငွေ (၂၅၇၉၀)ယွမ် ရှိပြီဖြစ်သည်။

သတင်းထောက် တိုက်ကျိန်ဟွာ